# ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ Quarantine Center များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေး မဆုံးရှုံးစေရန်အလို့ငှာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၂၉.၁၀.၂၀၂၀ ရက်နေ့မှစတင်၍ သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး နှင့် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်း (Mask)၊ Face Shield များ၊ ရေမလိုလက်သန့်ဆေးရည်များကိုလည်း စနစ်တကျသုံးစွဲနိုင်ရန် ထားရှိပေးမည် ဖြစ်ပါသည်။

၄။ နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးပစ္စည်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆန္ဒမဲကောက်ယူသည့်နေရာအလိုက် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည် ဖြစ်ပြီး ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ လိုက်ပါ ဆောင်ရွက်ကြမည့်သူများ အနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့်အညီ ဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသောကြောင့် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆန္ဒမဲပေးကြရန်နှင့် ကြိုတင်ဆန္ဒမဲပေးရန် စီစဉ်ထားသည့် နေရာအဆောက်အဦသို့ လာရောက်သည့်အချိန်တွင်လည်း နိုင်ငံရေးပါတီတံဆိပ်ပါ အဝတ် အစားများ ၊ အသုံးအဆောင်များ ဝတ်ဆင်သုံးစွဲ၍ လာရောက်ခြင်းမပြုပါရန် အသိပေးကြေညာ အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်